myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

May 8, 2019 Volume 19, Number 5

**၈.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၇၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၂ ကျပ် |
| CBM Rate | = ၁၅၂၆.၂ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၁.၃ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၀.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၀.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၄၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၄၂ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၀၂၄ကျပ် |

Source: CBM Rate, etrademyanmar.com

## ရွှေဘိုပေါ်ဆန်းနှင့် ဆန်ချောလက်ကားဈေးဆက်တက်




ဈေးနှုန်း ဆက်တိုက်မြင့်တက်နေသော ရွှေဘိုပေါ်ဆန်းနှင့် ဆန်ချောလက်ကား ဈေးနှုန်းများသည် ယခုအခါ ဆက်လက် မြင့်တက်ကြောင်း ရန်ကုန်မြို့တော်၏ အဓိကဆန်ချော ဈေးကွက်ဖြစ်သော ဝါးတန်းဆန် ဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်း၌ အဓိကစားသုံးသည့် ဆန်များ ဖြစ်သော ရွှေဘိုပေါ်ဆန်းနှင့် ကြားပျံကဲ့သို့ ဆန်ချောဈေးနှုန်းများသည် အရောင်းအဝယ်ကောင်းမွန်ခြင်းနှင့်အတူ ရန်ကုန်သို့ နယ်အဝင်နည်းပါး နေခြင်းတို့ကြောင့် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ယခင်ထက် ကျပ် ၂၀၀၀ ခန့်နှင့် ကြားပျံရှယ်တစ်အိတ်လျှင် ကျပ် ၁၅၀၀ မှ ၃၀၀၀ ခန့်အထိ မြင့်တက်ကြောင်း ယင်းဈေးကွက်အတွင်းမှသိရသည်။ ယင်းဆန်များ ဈေးဆက်တက်လာသော်လည်း ဧရာဝတီတိုင်းထွက် ပေါ်ဆန်းဈေးနှုန်းများ အမြင့် ဈေးဖြင့် ငြိမ်သက်နေပြီး လက်ရှိအခြေအနေအရ ရွှေဘိုပေါ်ဆန်းဈေးနှုန်းမှာ အမြင့်ဈေးဖြင့် တည်ငြိမ်သွားနိုင်ကြောင်း ဆန်ကုန်သည်များက သုံးသပ် ပြောကြားသည်။

ရွှေဘိုပေါ်ဆန်းလက်ကားဈေးသည် ဧပြီလတတိယပတ်မှ မေလပထမပတ်အထိ သုံးပတ်ဆက်မြင့်တက်ခြင်းဖြစ်ပြီး ထို့ကြောင့် သုံးပတ်အတွင်း ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၅၀၀၀ ခန့်အထိ မြင့်တက်လာခြင်းဖြစ်ကြောင်း ရန်ကုန်ဆန်ဈေးကွက်အတွင်းမှသိရသည်။ လက်ရှိရန်ကုန်ဝါးတန်း ဆန်ဈေးကွက်အတွင်းသို့ နယ်ဒေသများမှ ဆန်ချော ဝင်ရောက်မှုသည် တစ်ရက်လျှင် ဆန်အိတ်ရေ တစ်သောင်းခွဲမှ နှစ်သောင်းကြားသာ ဝင်ရောက်ကြောင်း ယင်းဆန် ဈေးကွက်အတွင်းမှသိရသည်။

လက်ရှိဆန်ဈေးကွက်အတွင်း မြောင်းမြပေါ်ဆန်းတစ်အိတ်လျှင် ၄၀,၀၀၀ မှ ၄၃,၀၀၀ အထိ၊ ဖျာပုံ/ဒေးဒရဲပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၃၈,၀၀၀ မှ ၄၀,၀၀၀ အထိ၊ ပေါ်ဆန်းနယ်စုံတစ်အိတ်လျှင် ကျပ် ၃၃,၀၀၀ မှ ၃၆,၀၀၀ အထိ၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၅၁,၀၀၀ မှ ၅၃,၀၀၀ အထိ၊ ရက် ၉၀ ဆန်တစ်အိတ်လျှင် ၁၉,၀၀၀ မှ ၂၀,၀၀၀ အထိနှင့် ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၁၆,၈၀၀ မှ ၁၇,၅၀၀ အထိဈေးရှိကြောင်း ဘုရင့်နောင်နှင့် ဝါးတန်းဆန်ကုန်စည်ဈေးကွက်များအတွင်းမှ သိရသည်။

**Source:** https://news.ydnp.net/267058/

## မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံအဖြစ် စင်ကာပူရပ်တည်

(၂၀၁၉)ခုနှစ် နှစ်ဆန်းပိုင်းမှာ ကောက်ခံထားတဲ့စစ်တမ်းတွေအရ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံအဖြစ် စင်ကာပူနိုင်ငံက တရုတ်နိုင်ငံကို ကျော်တက်ပြီး ရပ်တည်နေတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးကပြောပါတယ်။ မေ(၇)ရက်က နေပြည်တော် Park Royal ဟိုတယ်မှာ ကျင်းပတဲ့ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွေ လွယ်ကူအဆင်ပြေစေရေး အလုပ်ရုံဆွေးနွေးပွဲမှာ ပြောကြားခဲ့တာ

ဖြစ်ပါတယ်။ ၂၀၁၈ ဒီဇင်ဘာအထိ မြန်မာနိုင်ငံမှာ အဓိက ရင်းနှီးမြှုပ်နှံတဲ့နိုင်ငံမှာ နံပါတ်(၁)အများဆုံးက တရုတ်နိုင်ငံပါ။ ဒါပေမယ့် (၂၀၁၉)နှစ်ဆန်းပိုင်း မှာတော့ စင်္ကာပူက ရင်းနှီးမြှုပ်နှံမှု ပိုပြီးဝင်လာတာပါ။ ဝင်လာတော့ အခုမြန်မာနိုင်ငံမှာ စင်္ကာပူက အဆင့်(၁)နေရာကိုရောက်သွားပြီး တရုတ်က နံပါတ်(၂) နေရာကိုရောက်သွားတာဖြစ်ပါတယ်လို့ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးကပြောပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေယုံကြည်စိတ်ချရတဲ့နိုင်ငံဖြစ်အောင် ဝန်ကြီးဌာနအသီးသီးက ပူးပေါင်း ဆောင်ရွက်ဖို့လိုပြီး လာမယ့် (၂၀၃၀) ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ဘီလီယံ(၂၀၀)အထိရရှိအောင် ပစ်မှတ်ထား ကြိုးစားသွားမယ်လို့သူက ဆက်လက်ပြောပါတယ်။ လက်ရှိအချိန်မှာ (၂၀၁၉) မတ်လကုန်အထိ မြန်မာနိုင်ငံမှာ ပြည်ပ နိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုစာရင်းတွေအရ စင်္ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၈၄ ဘီလျံရှိပြီး တရုတ်နိုင်ငံကတော့ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅ ဘီလျံ ရှိတာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာနိုင်ငံရဲ့အခြေအနေကို အသေးစိတ်လေ့လာစုံစမ်းနေကြပြီး မြန်မာနိုင်ငံအနေနဲ့ ရင်းနှီးမြှုပ်နှံရာမှာ လွယ်ကူ အဆင်ပြေအောင် ဥပဒေတွေခိုင်မာမှုရှိအောင် ပြင်ဆင်ထား မှသာ ရင်းနှီးမြှုပ်နှံမှုတွေ မြင့်တက်လာမှာဖြစ်တယ်လို့လည်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ တရားဝင်မှတ်ပုံတင်ပြီး လုပ်ငန်းဆောင်ရွက်နေတဲ့ ကုမ္ပဏီပေါင်း(၆)သောင်း ကျော်ရှိနေပြီး ကုမ္ပဏီ တွေနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေ ထွက်ပေါ်ပြီးနောက်ပိုင်း တစ်လကို လာရောက်မှတ်ပုံတင်တဲ့ ကုမ္ပဏီ (၁)ထောင်ဝန်းကျင်အထိ ရှိနေတယ်လို့ သိရပါတယ်။ (၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ်ဖြစ်တဲ့ (၂၀၁၈)ခုနှစ် အောက်တိုဘာ(၁)ရက်ကနေ (၂၀၁၉)ခုနှစ် ဧပြီ(၃၀)ရက်အထိ ခြောက်လတာမှတ်တမ်းတွေအရ မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း(၂၅၀၀) အထိရှိတယ်လို့သိရပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေမှာ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ဖို့ Experian က အရှိန်ဟုန်မြှင့်တင်ဆောင်ရွက်

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေမှာ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ဖို့ Experian က အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေကြောင်းသိရသည်။ Experian သည် ကိုယ်ပိုင်နည်းပညာဖြင့် တယ်လီဖုန်းအသုံးပြုသူများ၏ သုံးစွဲမှုနှင့်သုံးစွဲပုံအလေ့အထဆိုင်ရာ ဒေတာအချက်အလက်အပေါ်သုံးသပ်ဆန်းစစ်ထားသည့် သတင်းအချက်အလက်များကိုအခြေခံကာ တရားဝင်ချေးငွေသုံးစွဲမှု မှတ်တမ်းရှိနေရန် မလိုအပ်ဘဲ တစ်ဦးတစ်ယောက်ချင်းစီ ငွေကြေးဆိုင်ရာ အထောက်အထားများရရှိစေရန် ပြုလုပ် ဆောင်ရွက်ပေးခဲ့ ကြောင်းသိရသည်။

Experian အနေနဲ့ Alternative Data ကို အသုံးပြုပြီး အရှေ့တောင်အာရှ တစ်ဝန်းမှာရှိတဲ့ ဘဏ်စာရင်းမရှိသူများနဲ့ ဘဏ်စာရင်းဖွင့်ဖို့ လက်လှမ်းမမီသူများအတွက် ငွေကြေးဆိုင်ရာအထောက်အထားတွေရရှိစေဖို့ လုပ်ဆောင်ခဲ့ပါတယ်။ အခြားကြီးစား အား ထုတ်မှုဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ အတူ CekAja နဲ့ RinggitPlus တို့လို ဒေသတွင်း ငွေကြေးဆိုင်ရာ ဈေးကွက် နေရာများနဲ့ ပူးပေါင်းပြီး ဒေသတွင်း ဆက်လက်တိုးတက် ကောင်းမွန်အောင်လုပ်ဆောင်ရင်း ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတွေကို လက်လှမ်းမီသုံးစွဲလာနိုင်အောင် လုပ်ဆောင်ပေးဖို့ ရည်ရွယ်ထားပါတယ်ဟု Experian ၏ Southeast Asia & Emerging Markets ဌာနမှ မန်နေဂျင်း ဒါရိုက်တာ Dev Dhiman က ပြောသည်။

**Source:** SFJ Strategy First Journal

## ကသာမြို့နယ်ဒေသထွက်သီးနှံ လိုင်ချီးသီးများ စတင်ရောင်းချလျက်ရှိ



ကသာမြို့နယ် ဒေသထွက်သီးနှံ တစ်ခုဖြစ်သော လေခြူသီးခေါ် လိုင်ချီးသီးများသည် ဖေဖော်ဝါရီလကုန်မှစ၍ အဖူးများ စတင်ဖူးပွင့်ကြပြီး မေလတွင် ရင့်မှည့်ကာ ကသာမြို့ သီရိခေမာဈေး ၊ ပတ္တမြားဈေးတို့တွင် စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။ အဆိုပါ လိုင်ချီးသီးသည် ကယ်လိုရီပါဝင်မှုနည်းပါးခြင်း၊ ကိုလက်စထရော ပါဝင်မှုနည်းပါးခြင်း၊ အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် အသားအရေကို ခရမ်းလွန်ရောင်ခြည်ဒဏ် မထိခိုက်အောင်ကာကွယ်ပေးခြင်း၊

အသားအရေကိုလှပစေခြင်း၊ နာကျင်မှုနှင့် ရောင်ရမ်းမှုကို သက်သာစေခြင်း၊ လူ့ခန္ဓာကိုယ်အတွက် ကျန်းမာရေးအကျိုး ကျေးဇူးများကို ပေးစွမ်းနေသော သဘာဝအသီး တစ်မျိုး ဖြစ်သည်။ လိုင်ချီးသီးသည် ကသာမြို့နယ်အတွင်း မိဿလင်း၊ ကပ္ပလိပ်၊ ပေကုန်း၊ သိမ်အင်း၊ ချောင်းဝ၊ နတ်ရေတွင်း စသည့် ကျေးရွာများနှင့် ဘုန်းတော်ကြီး ကျောင်းများမှထွက်ရှိပြီး ဈေးကွက်အတွင်း ၂၅ လုံးပါ တစ်တွဲလျှင် ကျပ် ၅၀၀ိ/- မှ ကျပ် ၆၀၀ိ/- အထိ ရောင်းချလျက်ရှိကာ လိုင်ချီးသီးများ ဖြိုင်ဖြိုင်ရင့်မှည့်လာပါက မန္တလေး ၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာမြို့များသို့ တင်ပို့ ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily

## တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ဖရဲ၊ သခွားဈေးကောင်း

တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ဖရဲ၊ သခွားဈေးကွက်တွင် ရာသီအပိတ် ကာလဖြစ်သည့် မေလဆန်း၌ ဈေးကွက် ဈေးကောင်းရရှိနေပြီး ယခင်နှစ် ကာလတူအချိန်ထက် ၈၀ ရာခိုင်နှုန်း ဈေးပိုမိုရရှိနေသည့် အပြင် ဂယ်လိုအားကောင်းနေခြင်းကြောင့် ဖရဲ၊သခွားစိုက် တောင်သူများ အဆင်ပြေနေကြောင်း သိရသည်။ လက်ရှိတွင် တရုတ်နိုင်ငံ ဖရဲ၊ သခွားဈေးကွက်အတွင်းသို့ မြန်မာနိုင်ငံ မူဆယ်ဈေးကွက် တစ်ခုတည်းကသာ တင်သွင်းနေခြင်း၊ တရုတ်ပြည်တွင်းထွက် အသီးများမှာလည်း ရှားပါးနေသည့်အတွက်ကြောင့် မြန်မာ့ဖရဲ၊ သခွားသည် မူဆယ်ဈေးကွက်တွင် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဈေးကောင်းရရှိနေသည်ဟုသိရသည်။ လက်ရှိတွင် မူဆယ်ဈေးကွက် အတွင်း ဖရဲသီး ၁၅ တန် စီးပြတ်ဈေးမှာ လုပေါင်းသီး (အဖြူသီး) ပင်လျှင် ယွမ် ၃၀၀၀၀ မှ ၅၀၀၀၀ ကြား ဈေးရနေကြောင်း၊ ၈၅၅ ဖရဲမှာ အနိမ့်ဆုံး ယွမ် ၂၅၀၀၀ ဈေးနှင့် အမြင့်ဆုံး ယွမ် ၆၈၀၀၀ ဈေးထိရနေသလို ရာသီအစက အသီးဈေးကောင်း မရခဲ့သော်လည်း ဧပြီလ လယ်လောက်မှစကာ ဖရဲ၊ သခွား ဈေးကွက်မြင့်တက်လာခဲ့ကြောင်း မူဆယ်မှခွာညိုပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က မြန်မာတောင်သူကြီးများ ဂျာနယ်ကို ပြောသည်။

ဒီနှစ်ဖရဲ၊ သခွားရာသီအပိတ်က ဈေးကောင်းကောင်းရပြီး အကောင်းဆုံးအနေအထားနဲ့ ပိတ်သွားတာပါ။ ကာလတူ အခြေအနေနဲ့ဆိုရင် ဖရဲသီးက ၈၀ ရာခိုင်နှုန်းလောက် ဈေးပိုရပါတယ်။ မနှစ်က ဒီအချိန် ကားခတောင်အနိုင်နိုင် ရခဲ့တာပါ။ ဈေးပိုရနေတဲ့အကြောင်းရင်းက တရုတ်ဈေးကွက်ကို မြန်မာနိုင်ငံကပဲ တင်သွင်းတာရှိတယ်။ တခြားနိုင်ငံကလည်း မဝင်ဘူး။ သူတို့ပြည်တွင်းမှာလည်း အသီးမရှိဘူး။ မူဆယ်ဈေးကွက်မှာလည်း ရှမ်းပြည်နယ် မြောက်ပိုင်းကအသီးကား ၇၀-၈၀ လောက်ပဲဝင်နေတော့ အဝယ်ကတော့ အလုအယက်ဈေးပေးနေကြပါတယ် ဟု ၎င်းက ပြောသည်။ မူဆယ်ဈေးကွက်တွင် ဖရဲ၊ သခွား ရာသီ ပိတ်သိမ်းမှုနှင့်အတူ မြန်မာ့သရက်ဈေးကွက်မှာလည်း ရာသီအစမှာပင် ဈေးကွက်ဈေးကောင်းရရှိနေကြောင်း ခွာညိုပွဲရုံဈေးနှုန်း ထုတ်ပြန်ချက်များအရ သိရသည်။

မေလ ၃ ရက်နေ့ ဈေးကွက် ပေါက်ဈေးများအရ ၈၅၅ ဖရဲသီး ၁၅ တန်လျှင် ယွမ် ၂၅၀၀၀ မှ ယွမ် ၆၈၀၀၀ ကြား၊ ထဲန်ဂမ်သီး တစ်တန်လျှင် ထိပ်စ ယွမ် ၄၂၀၀မှ ယွမ် ၄၈၀၀ ကြား၊ ခြံသိမ်းပယ်သီး စီးပြတ်တစ်စီးလျှင် ယွမ် ၃၀၀၀ မှ ၈၀၀၀ ကြား ပေါက်ဈေး ရှိနေသည်။ သရက်သီးဈေးနှုန်းများမှာမူ စိန်တလုံးသရက် အိတ်စွပ် ၁၆ ကီလို တစ်ခြင်းလျှင် ယွမ် ၈၀ မှ ၁၄၀ ကြား၊ အိတ်လွတ်တစ်ခြင်းလျှင်ယွမ် ၄၀ မှ ၇၀ ကြား၊ ရွှေဟင်္သာ အိတ်စွပ်တစ်ခြင်းလျှင် ယွမ် ၁၁၀ မှ ၁၆၀ ကြား၊ အိတ်လွတ် ယွမ် ၄၀ မှ ၆၀ ကြား၊ မန်းရင်ကွဲ အိတ်စွပ်တစ်ခြင်း ယွမ် ၆၀ မှ ၇၅ ကြား၊ ကြမ်းချော (မယ်သီ) ယွမ် ၇၀ မှ ၁၂၀ ကြား၊ နန်းတော်မှိုင်း ယွမ်၁၂၀ မှ ၁၅၀ ကြား ပေါက်ဈေးအသီးသီးရှိပြီး တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် မြန်မာငွေ ၂၂၁ ကျပ်ပေါက်ဈေးရှိကြောင်း သိရသည်။

**Source:** https://www.facebook.com/thefarmermedia/

## လောက်ကိုင် မြို့နယ်တွင် လာမည့်မိုးသီးနံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ဧက ၁၉,၀၀၀ ခန့် စိုက်ရန်လျာထား

ရှမ်းပြည်မြောက်ပိုင်း လောက်ကိုင်မြို့နယ်တွင် လာမည့် မိုးသီးနံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ဧက ၁၉,၀၀၀ ခန့် စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။



ပြောင်း ၁၈၆၃၇ ဧကနှင့် ဖူးစားပြောင်း ၂၉၆ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြောင်းခင်းများတွင် ကျရောက်လေ့ရှိသည့် ငမြှောင်တောင်ပိုး ကျရောက်မှုကို ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက် ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လွင်က ပြောသည်။ ရှမ်းမြောက်ရဲ့ အဓိကသီးနှံတစ်ခုလည်းပါဝင်တဲ့ ပြောင်းသီးနှံမှာ ကျရောက်နိုင်တဲ့ ငမြှောင်တောင်ပိုးနဲ့ ပတ်သက်ပြီးတော့ အသိပညာပေးလုပ်ငန်းတွေနဲ့ ကာကွယ်နှိမ်နင်ရေး လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်နေတယ်ဟု ၎င်းကပြောသည်။

ရှမ်းမြောက်မှ ထွက်ရှိသည့်ပြောင်းများကို ဒေသတွင်းမွေးမြူရေးလုပ်ငန်းများမှာ အသုံးပြုခြင်း၊ တရုတ်ဘက်ကို တင်ပို့ခြင်း၊ ကုမ္ပဏီများက တိုက်ရိုက် ဝယ်ယူခြင်း၊ ကုန်စည်ဒိုင်များမှ တိုက်ရိုက်ရောင်းချခြင်းနှင့် မန္တလေးနှင့် အခြားမြို့နယ်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ လောက်ကိုင်က ထွက်တဲ့ပြောင်းတွေကို မူဆယ်နဲ့ ချင်းရွှေဟော်ဘက်ကို သွားတယ်။ ဘိန်းသီးနှံပြီးရင် ပြောင်းကို ဦးစားပေးစိုက်ကြတယ်။ ရှမ်းမြောက်မှာတင် တန်ချိန်ခြောက်သိန်းကျော်လောက်ထွက်တယ်။ ပြောင်းသီးနှံဟာ သူတို့ရဲ့ လိုအပ်ချက် အမြင့်ဆုံးသီးနံ့ အုက်စုဝင်ဖြစ်တော့ ဝယ်ယူမှုပိတ်ထားလည်း နည်းနည်းစီတော့ သွားလို့ရနေတယ်ဟု ချင်းရွှေဟော်ရှိ ပြောင်းကုန်သည်တစ်ဦးဖြစ်သူ ဦးစိုင်းမျိုးနောင်က ပြောသည်။

ရှမ်းပြည် မြောက်ပိုင်းတွင် လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ မိုးမိတ်၊ လောက်ကိုင်၊ ဟိုပန်၊ မိုးမိတ်မြို့နှင့် လောက်ကိုင်စသည့်မြို့နယ်များတွင် စိုက်ဧက သုံးသိန်းသုံးသောင်းကျော် ရှိနေသည်။ တောင်ပေါ်ဒေသမှာဆိုရင် ဧကရီ၊ ရေဆင်းစပ်မျိုး (၃)၊ ရေဆင်းစပ်မျိုး (၅) ကို နိုင်ငံတော် မျိုးစေ့ကော်မတီမှ ထောက်ခံထားသည့် နိုင်ငံခြားမျိုးများကို စိုက်သလို P(888) OPV မျိုး၊ ဧကရီမျိုး၊ ဒေသမျိုး၊ 999မျိုး၊ 898 မျိုး၊ ရေဆင်း (၃) Hybrid မျိုး များကိုလည်း စိုက်လျက်ရှိသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=7994

## မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့ပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်နိုင်ရန် ပြင်ဆင်သင့်သည့်လုပ်ငန်းစဉ်များကို ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်နေဟုဆို

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့ပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ရန် ပြင်ဆင်သင့်သည့် လုပ်ငန်းစဉ်များကို ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ပြောကြားသည်။ နေပြည် တော်ရှိ စက်မှုဝန်ကြီးဌာန၌ မေ ၇ ရက်က ပြုလုပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ သတင်းစာ ရှင်းလင်းပွဲအပြီးတွင် မီဒီယာများအား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက မီဒီယာများအား အထက်ပါကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ ဝန်ကြီးဌာနက အဓိကအားဖြင့်တော့ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်း လုပ်တဲ့ကိုင်တဲ့အခါမှာ အားလုံးလွယ်လွယ်ကူကူ သက်သောင့်သက်သာနဲ့ လုပ်နိုင်ပြီးတော့မှ ချောချောမွေ့မွေ့ လုပ်နိုင်လို့ရှိရင် တိုင်းပြည်ထဲမှာ ရင်းနှီးမြှုပ်နှံမှု ပိုဝင်လာနိုင်တယ်ပေ့ါ။ အဲဒီဟာကို ရည်ရွယ်ပြီးတော့မှ လုပ်ငန်းစဉ်တွေ မြန်အောင်၊ လွယ်အောင် ကျွန်တော်တို့က ပြင်ဆင်ပြောင်းလဲသင့်တာလေးတွေ လုပ်နေပါတယ်။ လုပ်တော့ ကိုယ့်ဌာနတစ်ခုတည်း လုပ်လို့မရဘူး။ ဝန်ကြီးဌာန အသီးသီးကလည်း ပါဖို့လိုတယ်။ ပါဖို့လိုတဲ့အခါမှာ ဒီဝန်ကြီးဌာန အသီးသီးမှာရှိတဲ့ အကြီးတန်းအရာရှိတွေ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ပိုပြီးတော့ ထဲထဲဝင်ဝင် သိပြီးတော့ သူတို့ကိုယ်တိုင် ပါဝင်လာနိုင်ဖို့လည်း လိုတယ်ပေ့ါ။ ဒီအတွက်ကို ကျွန်တော်တို့က ရည်ရွယ်ပြီးတော့ ဒီကနေ့ အလုပ်ရုံ ဆွေးနွေးပွဲလုပ်တာ ဖြစ်တယ်” ဟု ဦးအောင်နိုင်ဦးက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် ဆက်စပ်ဝန်ကြီးဌာန အသီးသီးမှ အကြီးတန်းအရာရှိများကို ခေါ်ယူဖိတ်ကြားပြီး

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ရေးတို့အတွက် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း ဦးအောင်နိုင်ဦးက ပြောကြားသည်။ ဦးအောင်နိုင်ဦးက ကျွန်တော်အနေနဲ့ ဒီနေ့တင်ပြတဲ့အချက်တွေကတော့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေက ဘယ်အချက်တွေကို အဓိက အလေးအနက် ထားပြီးတော့ စဉ်းစားတယ်။ ဒါတွေကို ကျွန်တော်တို့ ဒီမှာရှိတဲ့ ဒီအစိုးရဌာနအသီးသီးက အကြီးတန်းအရာရှိတွေ သိဖို့လိုတယ်။ နောက်ကျွန်တော်တို့ တိုင်းပြည်မှာ အခက်အခဲတွေ၊ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါမှာ ဘာအခက်အခဲတွေ အခု လက်ရှိပေါ်ပေါက်နေတယ်။ ဒီအခက်အခဲဆိုတာလည်း ရင်းနှီးမြှုပ်နှံသူတွေရဲ့ ပြောကြားချက်အရဖြစ်ပေါ်နေတဲ့ အခက်အခဲ၊ ဒါတွေအားလုံးကိုလည်း ဒီမှာရှိတဲ့ အစိုးရဌာနအသီးသီးက အရာရှိကြီးတွေ ကျွန်တော်တို့ သိဖို့လိုတယ်။ နောက် ကျွန်တော်တို့ ရှေ့လျှောက်လုပ်တဲ့အခါမှာ ကျွန်တော်တို့ ဘာတွေကို အဓိကအလေးအနက်ထားပြီးတော့ ပြင်ဆင်ပြုပြင် ပြောင်းလဲဖို့ လိုအပ်တယ်။ ဒါတွေကို ကျွန်တော်တို့က အဓိကအားဖြင့်ရှင်းပြတာပါဟု ပြောကြားသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ အလုပ်ရုံဆွေးနွေးပွဲကို UK အစိုးရက အဓိက အကူအညီ ပေးထားကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ အဓိက အကူအညီပေးနေသည့် DaNa Facility ကလည်း ဝိုင်းဝန်းကူညီ ပေးကြောင်း ဦးအောင်နိုင်ဦးက ပြောကြားသည်။ ကုမ္ပဏီက အခုလက်ရှိ ကျွန်တော်တို့ တိုင်းပြည်မှာ ကုမ္ပဏီ ၆၀၀၀၀ လောက်ရှိတယ်။ မှတ်ပုံတင်ထားတာပေါ့။ ဒါပေမဲ့ အဲဒီလိုလုပ်တာ ကျွန်တော်တို့ ကုမ္ပဏီဥပဒေအ သစ်လည်း ထွက်ထားတယ်။ နောက် Online နဲ့လည်း မှတ်ပုံတင်ပေးထားတာ ဆိုတော့ ကုမ္ပဏီတွေက တိုးတက်မှုနှုန်း မြန်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့က ၂၀၀၄-၂၀၀၅ မှာ တစ်နှစ်လုံးမှာမှ ကုမ္ပဏီမှတ်ပုံတင်တာ ၉၀၀ လောက်ပဲရှိတယ်။ အခုတစ်လတင်တာ ၁၀၀၀ ကျော်တယ်။ အဲဒီတော့ ကုမ္ပဏီ မှတ်ပုံတင်တာပိုမြန်တယ်။ ပိုလွယ်တယ်ဆိုတော့ ကုမ္ပဏီတွေဝင်လာတာ တော်တော်လေးအားရဖို့ကောင်းပါ တယ်ဟု ဦးအောင်နိုင်ဦးက ပြောကြားသည်။

လက်ရှိဘဏ္ဍာနှစ် အောက်တိုဘာမှ ဧပြီလကုန်အထိ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၂၅၀၀ ရှိကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း Myanmar Investment Promotion Plan အရ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ဘီလျံ ၂၀၀ ဝင်ရောက် လာစေရန် ရည်မှန်းချက်ထား လုပ်ဆောင်နေကြောင်း ဦးအောင်နိုင်ဦးက ပြောကြားသည်။ ဒီ ၂၀၁၉ မှာ ကျွန်တော်တို့က စင်ကာပူက ရင်းနှီးမြှုပ်နှံမှုပေါ့။ အရင်တုန်းကတော့ ကျွန်တော်တို့က ၂၀၁၈ ဒီဇင်ဘာလ အထိပေါ့။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အဓိကရင်းနှီး မြှုပ်နှံတဲ့နိုင်ငံက နံပါတ် (၁) အများဆုံးက တရုတ်နိုင်ငံပေါ့။ ဒါပေမဲ့ ၂၀၁၉ နှစ်ဆန်းပိုင်းမှာ စင်ကာပူက ရင်းနှီးမြှုပ်နှံမှု ပိုပြီးဝင်လာတယ်ပေါ့။ သူတို့နှစ်ယောက်က မတိမ်းမယိမ်းလေး ဖြစ်နေတာပေါ့။ စင်ကာပူကတော့ နည်းနည်း နည်းတယ်ပေါ့။ သို့သော် ၂၀၁၉ ကျတော့ စင်ကာပူက တော်တော်လေးဝင်လာတယ်။ ဝင်လာတော့ အခု စင်ကာပူက မြန်မာနိုင်ငံမှာ အဆင့်တစ်၊ Position 1 မှာ ရောက်သွားတယ်။ တရုတ်က နံပါတ် (၂) နေရာမှာ ဖြစ်သွားတယ်ဟု ဦးအောင်နိုင်ဦးက ပြောကြားသည်။

**Source:** https://news-eleven.com/article/105980

## STOCK EXCHANGE (8.5.19)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 8th May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 11,000 | 11,000 | 11,000 | 8,051 | 88,561,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,050 | 4,444 | 13,555,050 | 38,929,150 | 120,680 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 10 | 72,000 | 10,400,986 | 74,887 |
| FPB | 00004 | 22,500 | +1,000 | +4.65% | 22,000 | 22,500 | 22,000 | 1,148 | 25,263,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,950 | 2,900 | 3,592 | 10,591,800 | 12,212,906 | 35,417 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 428.38 | +13.16 | +3.17% | 426.05 | 428.38 | 426.05 | 17,245 | 138,042,850 | 5 | 584,845 |

**Index chart**





## Market Overview

As of 1:00 pm, 8th May. 2019

| MYANPIX | 428.38 ▲ 13.16 |
|---|---|
| Total Volume (shares) | 17,245 |
| Total Value (MMK) | 138 mil |
| Listed Company | 5 |
| Market Cap. (MMK) | 584,845 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,100 | ▲ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 1,000 |
| TMH | 00005 | 2,900 | ▲ 0 |